# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 1, 2019 Volume 24, Number 1

**၁.၁၀.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၈/- ကျပ် |
| CBM Rate | = ၁၅၃၂.၈ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၆၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၆၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၁၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူး ၁၀ ဦးထားရှိ နိုင်ငံတကာဈေးကွက်၌ ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်



စီးပွား/ကူးသန်း ဝန်ကြီးဌာနသည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပြည်ပနိုင်ငံများတွင် မြန်မာနိုင်ငံ၏ စီးပွားရေးသံမှူး ၁၀ ဦး ထားရှိကာ နိုင်ငံတကာနှင့်ကုန်သွယ်မှု၊ သတင်းအချက်အလက်ဖလှယ်မှုများအပြင် ကုန်စည်ပြပွဲများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပဈေးကွက်ရှာဖွေပေးမှုများ ဆောင်ရွက်ပေးနေကြောင်း ရတနာပုံကုန်သွယ်မှုဗဟိုဌာန (မန္တလေး)မှ ဦးစီးအရာရှိဒေါ်သက်သက်နိုင်က စက်တင်ဘာ ၂၆ ရက်က ပြောဆိုသည်။ အရင်က ကိုးနိုင်ငံမှာကိုးဦးကနေ မကြာခင်ကပဲ တရုတ်နိုင်ငံက နန်နင်းမှာဖွင့်လှစ်လိုက်တော့ စီးပွားရေးသံမှူးပေါင်း ၁၀ ဦးဖြစ်သွားပြီ။ စီးပွားရေးသံမှူးတွေကို အရင်က စီးပွား/ကူးသန်းရော၊ အခြားဌာနကပါ ခန့်ခဲ့ရာက ၂၀၁၉ ခုနှစ်ကစပြီး သံမှူး အသစ်တွေကို စီးပွား/ကူးသန်းက ဝန်ထမ်းတွေပဲခန့်ခဲ့တယ်။ စီးပွားရေး/ကူးသန်း ရောင်းဝယ်မှုနဲ့ပတ်သက်တဲ့ကိစ္စတွေ နားလည်တတ်ကျွမ်းမှ ပိုပြီးအဆင်ပြေမှာဖြစ်လို့ပါဟု ၎င်းကပြောဆိုသည်။

စီးပွားရေးသံမှူးရုံးများမှာ အိန္ဒိယ၊ အမေရိကန်၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယားနှင့်တရုတ်တို့၌ စီးပွားရေးသံမှူးများထားရှိပြီး မြန်မာနိုင်ငံဆိုင်ရာသံမှူးများအောက်တွင် တာဝန်ထမ်းဆောင်ကာ ထိုနိုင်ငံများမှ ကုန်ဈေးနှုန်းနှင့်ကုန်သွယ်မှုဆိုင်ရာ မူဝါဒအပြောင်းအလဲစသည့် သတင်းအချက်အလက်များကို မြန်မာနိုင်ငံသို့ ပို့ပေးကြောင်းသိရသည်။ နည်းပညာနဲ့ကုန်သွယ်မှုတွေအတွက် ချိတ်ဆက်ပေးတယ်။ ဈေးကွက်ရှာပေးတယ်။ အချက်အလက်တွေ အီးမေးလ်နဲ့ပို့လာတဲ့အခါ အဓိကဖြစ်တဲ့ MRCCI နဲ့ ကုန်စည်ဒိုင်ကိုကျွန်မတို့ Trade Center ကနေ ပြန်လည်ဖြန့်ဝေတယ်။ စင်ကာပူနဲ့ကိုရီးယားကတစ်ပတ်တစ်ကြိမ်ပို့လာတယ်။ သစ်သီးဝလံသတင်းဆိုရင် သစ်သီးဝလံအသင်းအဖွဲ့တွေနဲ့ စားသောက်ကုန်ဆိုလည်း ပြည်တွင်းစားသောက်ကုန်အသင်းအဖွဲ့တွေဆီ ပို့ပေးတယ်ဟု ၎င်းကဆက်လက်ပြောဆိုသည်။ ပြည်တွင်းက SME နဲ့ အသေးစား၊ အလတ်စား ထုတ်လုပ်သူတွေကို ပြည်ပနိုင်ငံတွေနဲ့ ချိတ်ဆက်ပေးတော့ ပြည်ပဈေးကွက်အတွက် အကျိုးကျေးဇူးလက်တွေ့ရပါတယ်။ ပြည်တွင်းထုတ်လုပ်မှုကိုပြည်ပဈေးကွက်အထိ ခြေလှမ်းနိုင်ဖို့လိုတယ်။ ဒါတွေကို စီးပွားရေးသံမှူးတွေကတစ်ဆင့် ချိတ်ဆက်ပေးတယ်ဟု သရက်သီးအစုအဖွဲ့မှ စားသောက်ကုန်ထုတ်လုပ်သူတစ်ဦးကပြောဆိုသည်။ စီးပွားရေးသံမှူးများသည် ကုန်သွယ်မှုမြှင့်တင်ရေးအတွက်သက်ဆိုင်ရာ သတင်းအချက်အလက်များနှင့် သုံးသပ်ချက်များလေ့လာခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များကိုလေ့လာစုဆောင်းခြင်း၊ ပြည်တွင်းထုတ်ကုန်များကို သက်ဆိုင်ရာနိုင်ငံ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

များတွင် စျေးကွက်ထိုးဖောက်နိုင်ရေးနှင့် တိုးမြှင့်တင်ပို့နိုင်ရေးအတွက်ကူညီပေးခြင်း၊ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များ၏ ခရီးစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများနှင့် စီးပွားရေးမြှင့်တင်မှုအစီအစဉ်များ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128969.html

## ထိုင်းနိုင်ငံ၏ GDP တိုးတက်မှု ၃% ရရှိပါက ပို့ကုန်ကျဆင်းမှု ၀.၉% ရရှိနိုင်ခြင်း

ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုမှာ (၃%)သို့ ရရှိပါက ပို့ကုန် ကျဆင်း မှုမှာ (၀.၉%)မကျော်နိုင်ကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ငွေကြေးမူဝါဒရုံး Fiscal Policy Office (FPO) ကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ သင်္ဘောတင်ပို့မှုမှာ နှစ်အလိုက်တွင် ပထမ(၈)လ၌ (၂.၂%)ကျဆင်းခဲ့ပြီး ဩဂုတ်လ၌ သင်္ဘောတင်ပို့မှုမှာ နှစ်အလိုက်တွင် (၄%)ကျဆင်းခဲ့ကြောင်း FPO ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Wuttipoung Jittungsakul ကပြောကြားခဲ့ပါသည်။ လက်ရှိပို့ကုန်တင်ပို့မှု တန့်နေခြင်းနှင့် ကျန်လများတွင် ပို့ကုန်တင်ပို့မှု ကျဆင်းမည်ဆိုပါက တိုင်းပြည်၏ GDP တိုးတက်မှုအပေါ် ထိခိုက်စေမှာဖြစ်ကြောင်း Mr. Wuttipoung ကပြောကြားခဲ့ပါသည်။ ကျန်လများတွင် ပို့ကုန်တင်ပို့မှုစာရင်းဇယားများမှာ အစောပိုင်းက စိတ်ပျက်ဖွယ်စာရင်းဇယားထက် အတော်အတန် ပိုမိုကောင်းမွန်လာမည်ဟု မျှော်မှန်းထားကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ယမန်နှစ်က စတင်ခဲ့သော အမေရိကန်-တရုတ် ကုန်သွယ်ရေး အငြင်းပွားမှုက တိုင်းပြည်၏ ပြည်ပတင်ပို့မှုအား နှေးကွေးစေခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်အတွက် နောက်ဆုံးလေးလပတ်တွင် သက်ရောက်မှုအနည်းဆုံးဖြင့် ထိုင်းသင်္ဘောတင်ပို့မှုများ တိုးတက်လာမည်ဟုမျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ နှစ်အလိုက်တွင် (၄.၁%)ရှိခဲ့ပြီး နှစ်အလိုက်ပို့ကုန်တိုးတက်မှုမှာ (၇.၇%)ရှိကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုး တိုးတက်ရေးကောင်စီ၏ ပြောကြားချက်အရ သိရှိရပါသည်။ FPO ၏အစီရင်ခံစာအရ ဩဂုတ်လတွင် စီးပွားရေးညွှန်ကိန်း အများအပြားက စီးပွားရေးနှေးကွေးလျှက်ရှိကြောင်း ပြသလျက်ရှိနေပါသည်။ စက်ကရိယာအပိုင်းရင်းနှီးမြှုပ်နှံမှုနှင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၏ တင်သွင်းမှုများအနေဖြင့် နှစ်အလိုက်တွင် (၉.၄%)ကျဆင်းခဲ့ကြောင်း စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အရောင်းပမာဏမှာလည်း နှစ်အလိုက်တွင် (၉.၂%)ကျဆင်းခဲ့ရကြောင်း သိရှိရပါသည်။ နိုင်ငံ၏စီးပွားရေး တိုးတက်မှု အလားအလာများအပေါ်စိုးရိမ်မှုများကြောင့် ရင်းနှီးမြှုပ်နှံမှု အစိတ်အပိုင်းတစ်ချို့ နှေးကွေးခဲ့ရသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း စျေးနှုန်းအညွှန်းကိန်းမှာလည်း နှစ်အလိုက်(၂.၃%)ကျဆင်းခဲ့ရကြောင်း Mr. Wuttipoung ကပြောကြားခဲ့ပါသည်။ သို့ရာတွင်ခရီးသွားလုပ်ငန်းမှာ နှစ်အလိုက်တွင် (၇.၄%)တိုးတက်ခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာမှ ခရီးသွားများရောက်ရှိမှုမှာ စုစုပေါင်း (၃.၄၇)သန်းရှိခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေမှာဘတ်ငွေ (၁၆၉)ဘီလီယံရှိခဲ့ကြောင်း၊ လက်ရှိစီးပွားရေးကို လှုံ့ဆော်အားပေးမည့် ဘတ်ငွေ(၃၁၁)ဘီလီယံတန်ဖိုးရှိ အစီအမံများမှာ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးမှုအတွက် ပုံစံဒီဇိုင်း Design ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး Uttama ကပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏ နှစ်အလိုက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပို့ကုန်အပါအဝင် အချက်အလက်များစွာအပေါ် မူတည်နေကြောင်း၊ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုထက် မည်သည့်အရာကမျှ ထိုင်းနိုင်ငံ၏ သင်္ဘောတင်ပို့မှုကို ထိခိုက်စေမှာမဟုတ်ကြောင်း Mr.Uttama ကပြောကြားခဲ့ပါသည်။ မိမိတို့အနေဖြင့် ကမ္ဘာ့စီးပွားရေး နှေးကွေးနေသည့်အချိန်တွင် ပြည်တွင်း စီးပွားရေး လည်ပတ်နိုင်အောင် အားပေးရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ နှစ်အလိုက် GDP တိုးတက်မှုအတွက် အဖွဲ့အစည်းအသီးသီး၏ ချင့်ချိန်ဆုံးဖြတ်မှုများကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ ဗုဒ္ဓဟူးနေ့က ထိုင်းစီးပွားရေးဘဏ်၏ ငွေကြေးမူဝါဒကော်မတီ Monetary Policy Committee အနေဖြင့် ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုအား တတိယအကြိမ်အဖြစ် လျှော့ချဖြတ်တောက်ခဲ့ကြောင်း၊ ပထမဆုံးအကြိမ်အဖြစ် ယမန်နှစ်နှောင်းပိုင်း၌ (၄.၄%)အဖြစ်လည်းကောင်း၊ အဆိုပါ (၄.၂%)အား (၃.၈%)နှင့်(၃.၃%)သို့လည်းကောင်း၊ ယခုအခါ(၂.၈%)သို့လည်းကောင်း အသီးသီးလျှော့ချခဲ့ကြောင်း၊ ဘက်ပေါင်းစုံကျဆင်းမှုများမှာ ခန့်မှန်းရခက်သော အမေရိကန်-တရုတ်တို့၏ ကုန်သွယ်ရေး အငြင်းပွားမှုဆိုင်ရာ အခြေအနေများကြောင့်ဟု မှတ်ယူနိုင်ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**


## ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးတိုးတက်စေရန် အိန္ဒိယနိုင်ငံသို့ ပို့ကုန်တိုးမြှင့်တင်ပို့မည်

ထိုင်းနိုင်ငံအနေဖြင့် ပို့ကုန်တင်ပို့မှုအတွက် မျှော်လင့်ချက်နည်းပါးနေသော်လည်း ယခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ သင်္ဘောတင်ပို့မှုမှာ (၈%)တိုးတက်ခဲ့ကြောင်း၊ ကြာသပတေး နေ့မှ စနေနေ့အထိ အိန္ဒိယနိုင်ငံမွန်ဘိုင်း Mumbal နှင့်ချန်နိုင်း Chennal မြို့များသို့ ကိုယ်စားလှယ်အဖွဲ့အားဦးဆောင်သွားရောက်ခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin က ထိုင်းနိုင်ငံ၏ ထုတ်ကုန်များဖြစ်သော အစားအစာများ၊ အလှကုန် ပစ္စည်းများ၊ ပရိဘောဂနှင့် အလှဆင်ပစ္စည်း

အစိတ်အပိုင်းများမှာ အိန္ဒိယနိုင်ငံဈေးကွက်တွင် အလားအလာကောင်းလျက်ရှိကြောင်းပြောကြားခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေး နှေးကွေးနေသည့် အချိန်အတောအတွင်း ထိုင်းနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးပိုမိုပူးပေါင်းဆောင်ရွက်ရန်နှင့် မဟာဗျူဟာမိတ်ဖက်အဖြစ် ပိုမိုပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများကို ရှာဖွေဆောင်ရွက်ချက်ရှိကြောင်း Mr.Jurin ကပြောကြားခဲ့ပါသည်။ ဆက်လက်ပြီးငင်းက မိမိတို့အနေဖြင့် စားသောက်ကုန်မဟုတ်သော ပို့ကုန်အမည်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးကို ရည်ရွယ်ထားကြောင်း၊ ရာဘာသစ် (Rubber Wood)၊ ပီလောပီနံ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှကုန်ပစ္စည်းများဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ Mr.Jurin အနေဖြင့် ယမန်နေ့က ကျင်းပခဲ့သော ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့ အကြား MOU လက်မှတ်ရေးထိုးပွဲ(၃)ခုအား ဦးဆောင်တက်ရောက်ခဲ့ကြောင်း၊ ၎င်းတို့မှာ ထိုင်း Hevea Wood Association နှင့် အိန္ဒိယနိုင်ငံဖက်မှ Association of Furniture manufacturers & Traders၊ ထိုင်း–အိန္ဒိယ စီးပွားရေးကောင်စီမှ Global Linkers ၊ ထိုင်း–အိန္ဒိယ စီးပွားရေး ကောင်စီနှင့် Boombay Industry Association တို့အကြားနှစ်ဖက်အသီးသီးရေးထိုးခဲ့သော MOU (၃)ခုတို့ဖြစ်ကြောင်း သိရှိရပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန Department of Internation Trade Promotion (DITP) အနေဖြင့် အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံးအွန်လိုင်းအစားအစာနှင့် ကုန်ပစ္စည်း စတိုးဆိုင်ဖြစ်သည့် Big Basket နှင့် ၎င်း၏ Online Website တွင် Thai flagship Store အား လွှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ညှိနှိုင်းခဲ့ကြောင်း၊ DITP နှင့် Big Basket တို့အနေဖြင့် နိုဝင်ဘာလတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လက်မှတ်ရေးထိုး နိုင်ရန် စီစဉ်ခဲ့ကြောင်း သိရှိရပါသည်။ Mr.Jurin က အိန္ဒိယနိုင်ငံ၏ ထိပ်တန်းလက်လီဦးဆောင်သူလည်းဖြစ်ပြီး ဆိုင်ခွဲပေါင်း (၂၀၀၀)ကျော်နှင့် ဖေါက်သည်သန်း(၆၀၀)ကျော်ရှိသည့် Future Group နှင့် ပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန DITP အား တာဝန်ပေးအပ်ခဲ့ကြောင်း၊ DITP ၏ညွှန်ကြားရေးမှူးချုပ် Banjongjitt Angsusingh က အိန္ဒိယနိုင်ငံအား ထိုင်းနိုင်ငံအတွက် ဈေးကွက်အသစ်တစ်ခုအဖြစ် ရှုမြင်ကြောင်း၊ အိန္ဒိယနိုင်ငံ၏ Maharashtra ရှိမွန်ဘိုင်းနှင့် Tamil Nadu ရှိ ချန်နိုင်းတို့ အပါအဝင် ပြည်နယ်(၇)ခုသို့ ပို့ကုန်တိုးမြှင့် တင်ပို့ရန် မျှော်မှန်း ရည်ရွယ်ထားရှိကြောင်း၊ ၎င်းပြည်နယ် များရှိ စားသုံးသူများအနေဖြင့် ဝယ်ယူနိုင်စွမ်းအား မြင့်မားကြသူများဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုမြှင့်တင်ရေးတွင် Gujarat –Telangana states များလည်းပါဝင်ကြောင်း၊ အလားတူ အိန္ဒိယ၏ အရှေ့မြောက်ပိုင်းဒေသများလည်း ပါဝင်ကြောင်း၊ Ms.Banjongjitt ကပြောကြားခဲ့ပါသည်။ ပို့ကုန်မြှင့်တင်ရန်အတွက် အလားအလာရှိသော ပို့ကုန်ပစ္စည်းများမှာ အလှအပဆိုင်ရာပစ္စည်းများဖြစ်သော Cosmetic အလှကုန် ပစ္စည်းများဖြစ်ကြောင်း၊ ၎င်းတို့မှာ ဝယ်ယူနိုင်စွမ်းမြင့်မားလျက်ရှိကြောင်း သူမကပြောကြားခဲ့ပါသည်။ ယခုနှစ်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနိုင်ငံသို့ ယမန်နှစ်က ပို့ကုန်တန်ဖိုးဖြစ်သော အမေရိကန်ဒေါ်လာ(၇.၆၂) ဘီလီယံထက် (၈%)တိုးမြှင့်နိုင်ရန်ရည်ရွယ်ထားကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ လွန်စွာကြီးမားသည့်အပြင် ဝင်ငွေလည်းတိုးတက်လျက်ရှိသော အလားအလာအလွန်ကောင်းသည့် ပို့ကုန်ဈေးကွက်တစ်ခုဖြစ်ကြောင်း၊ အိန္ဒိယအစိုးရ အနေဖြင့် Act East မူဝါဒအား ကျင့်သုံးလျက်ရှိပြီး ၎င်းက ထိုင်းရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းများကို ဖန်တီး ပေးထားခြင်းဖြစ်ကြောင်း သူမကပြောကြားခဲ့ပါသည်။ ယမန်နှစ်က ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ(၁၂.၅)ဘီလီယံရှိခဲ့ပြီး (၂၀.၅%)တိုးတက်ခဲ့ကြောင်း၊ ထိုင်းပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၇.၆၂) ဘီလီယံရှိခဲ့ပြီး ယမန်နှစ်ကထက် (၁၇.၈%)တိုးတက်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံဖက်မှ သွင်းကုန်ပြန်လည်တင်သွင်းမှုမှာ (၂၄.၉%) တိုးတက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၄.၆၈)ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**

## ငါးမန်း၊ ငါးလိပ်စွန်နှင့် ငါးလိပ်ကျောက်မျိုးစိတ် ၂၇ မျိုးကို ဦးစားပေးထိန်းသိမ်းမည်



မြန်မာနိုင်ငံရှိ ငါးမန်း၊ ငါးလိပ်စွန်နှင့် ငါးလိပ်ကျောက်မျိုးစိတ် စုစုပေါင်း ၂၇မျိုးကို ဦးစားပေးထိန်းသိမ်းသွားမည်ဟု နိုင်ငံတကာတောရိုင်း တိရစ္ဆာန်နှင့်အပင်များ ထိန်းသိမ်းရေးအဖွဲ့မှ အဏ္ဏဝါဗေဒပညာရှင် ဦးဇော်လွန်းကပြောသည်။ ၎င်းတို့ အနက် ၁၃ မျိုးမှာ ဦးစားပေး ထိန်းသိမ်းဖို့ရည်ရွယ်ထားသည့် ငါးမန်းမျိုးစိတ်များဖြစ်ပြီး၊ ငါးမန်းမြီးကွက် (Pondicherry Shark– Carcharhinus hemiodon)၊ ငါးမန်းပု/ဂင်္ဂါ ငါးမန်း(Ganges Shark– Glyphis gangeticus) နှင့် ရောဝတီရေချိုငါးမန်း

(Irrawaddy River Shark– Glyphis siamensis)တို့သည် အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ Red list အရ မျိုးသုဉ်းလုနီးပါး အန္တရာယ် ရှိသော မျိုးစိတ် (CR) အဖြစ်သတ်မှတ်ခံထားရပြီး၊ နောက်ထပ် ၄ မျိုးမှာလည်း မျိုးသုဉ်ရန် အန္တရာယ်ရှိသော မျိုးစိတ် (EN) အဖြစ်သတ်မှတ်ခြင်း ခံထားရသည်။ စုစုပေါင်း ၂၇ မျိုးအနက် နောက်ထပ် ၁၄ မျိုးမှာ ဦးစားပေးထိန်းသိမ်းရန် ရည်ရွယ်ထားသည့် ငါးလိပ်စွန်နှင့်ငါးလိပ်ကျောက်မျိုးစိတ်များဖြစ်ပြီး၊ Largetooth Sawfish ( Pristis pristis) , Green Sawfish( Pristis zijsron), Smalltooth/Wide Sawfish( Pristis pectinsta)တို့သည် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ် (CR) များဖြစ်ပြီး၊ နောက်ထပ် ၈ မျိုးမှာ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် (EN) အဖြစ် သတ်မှတ်ခြင်းခံထားရသည်။ ငါးမန်းအခြေအနေကတော့ တော်တော်ကိုစိုးရိမ်စရာ အခြေအနေကောင်းနေပြီ။ မြန်မာ့ရေပိုင်နက်ထဲမှာ Burma Bank လို့ခေါ်တဲ့ ငါးမန်းတွေ အများကြီးပဲရှိတဲ့နေရာတစ်ခုရှိတယ်။ တစ်ကမ္ဘာလုံးက လာပြီးတော့ ငုပ်ကြတာ။ မနှစ်လောက်က ကျွန်တော်တို့သွားငုပ်တော့မရှိတော့ဘူး။ တစ်ကောင်စ နှစ်ကောင်စပဲတွေ့တော့တယ်။ သိပ်မတွေ့တော့ဘူး။ ကျွန်တော် ကိုယ်တိုင်အကြိမ် ၂၀၀ ကျော် ရေငုပ်တဲ့ထဲမှာ ငါးမန်းတစ်ခါပဲတွေ့ဖူးတယ်ဟု ဦးဇော်လွန်းက ပြောသည်။ ယင်းမျိုးစိတ်များ ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့တွင် စက်တင်ဘာ ၃၀ ရက်က အမျိုးသားအဆင့် ငါးမန်းနှင့် ငါးလိပ်ကျောက်များ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ် (မူကြမ်း) ဆိုင်ရာ ဒေသအဆင့် အကြံပြုအစည်းအဝေးတစ်ခုကို ပြုလုပ်ခဲ့သည်။

ငါးမန်းနှင့် ငါးလိပ်ကျောက်သည် ပင်လယ်သမုဒ္ဒရာနှင့် အဏ္ဏဝါဂေဟစနစ်အတွက် အလွန်အရေးကြီးသည့် မျိုးစိတ်ဖြစ်ပြီး၊ အဏ္ဏဝါကဏ္ဍကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက်လည်း အရေးပါသာ Indicator Species များလည်း ဖြစ်သည်။ မြန်မာနိုင်ငံမှာ ငါးပဲဖမ်းစားတယ်။ ငါးကိုမှီခိုတုန်းရှိသေးတယ်။ ဒါကြောင့် ရှေ့လျှောက်လည်း ဒီလိုပဲမှီခိုဖို့ဆိုတာက ခက်ခဲလာမယ်။ ဒါကြောင့် ငါးကိုအခြေခံပြီးတော့ ဘာတွေလုပ်မလဲ၊ လုပ်ငန်းသစ်တွေထွင်ရမယ်။ ပေါ်လစီတွေလည်း ၂၀၁၄ လောက်ကတည်းကရှိပြီးသား။ ပြီးတော့ မူကြမ်းဖြစ်လာအောင်လုပ်ရမယ်။ ဒါတွေထိန်းသိမ်းဖို့အတွက် မူကြမ်းကိုအခြေခံပြီးတော့ ၂၀၁၉ ဒီဇင်ဘာမှာတော့ အချောထွက်အောင် ကြိုးစားမယ်ဟု ဦးဇော်လွန်းကပြောသည်။ ၂၀၁၈ နောက်ပိုင်းတွင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် WCS, FFI တို့နှင့် ပူးပေါင်းပြီး ငါးမန်းနှင့်ဝေလငါးစသည့်မျိုးစိတ်များနှင့် ပတ်သက်သည့်လေ့လာမှုများကို ပြုလုပ်ခဲ့သည်။ ဥပဒေက ရှိပါတယ်။ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကိုအသစ်ပြန်လည် ရေးဆွဲနေတာလည်းရှိတယ်။ အဲဒီမှာလည်း ငါးမန်းနဲ့ငါးလိပ်ကျောက်ကို ထိန်းသိမ်းဖို့အတွက် ပိုပြီးတော့လုပ်ထားတာလည်း ရှိပါတယ်ဟု ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကပြောသည်။

မြန်မာနိုင်ငံတွင် ငါးမျိုးစိတ်ပေါင်း ၅၀ ကျော်နှင့် ငါးလိပ်ကျောက်မျိုးစိတ်ပေါင်း ၇၀ ကျော်ရှိနေပြီး၊ အချို့ မျိုးစိတ်များသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာနိုင်ငံတွင်သာတွေ့ရသည့် မျိုးစိတ်များလည်းပါဝင်နေသည်။ ငါးမန်း၊ ငါးလိပ်ကျောက်ရှားပါးလာရခြင်းဖြစ်စဉ်များတွင် အဓိကအားဖြင့် တရားမဝင်ငါးဖမ်းလုပ်ငန်းများနှင့်ရောင်းဝယ်ခြင်း၊ မိုင်းခွဲ ငါးဖမ်းခြင်း၊ ယင်းမျိုးစိတ်များကိုထိန်းသိမ်းရန် အသိပညာအားနည်းခြင်းနှင့် အစာကွင်းဆက်ပြတ်တောက်ခြင်းတို့လည်းပါဝင်သည်။

**Source:** https://myanmar.mmtimes.com/news/129062.html

## ပြည်တွင်းရွှေဈေး ပြန်ကျ

သီတင်းကျွတ်ကာလအတွင်း ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်း လာပြီး အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၂၂၀၀၀၀ ကျော်အထိ ကျဆင်း လာသည်ဟု ပြည်တွင်းရွှေလုပ်ငန်းရှင်များကဆိုသည်။ ထိုဈေးနှုန်းသည် စက်တင်ဘာလဆန်းအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည့် ဈေးနှင့် နှိုင်းယှဉ်ပါက ကျပ်ရှစ်သောင်းကျော် လျော့ကျလာသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းတာရယ်၊ ပြည်တွင်းဒေါ်လာဈေးကျတာကြောင့် သီတင်းကျွတ်ကာလမှာဆိုတော့ အဝယ်လိုက်ရမှာ။ အခုဈေးမြင့်နေလို့ မဝယ်ကြဘူးဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဌဦးမျိုးမြင့်ကပြောသည်။



လက်ရှိတွင် ရွှေဈေးပြန်လည်ကျဆင်းလာခြင်းသည် ငွေလက်ငင်းဝယ်ရောင်းစနစ်နှင့် မော်လမြိုင်၊ စစ်တွေ၊ တမူးစသည့်နယ်မြို့များသို့ ဖုန်းဖြင့်ရောင်းချသည့်စနစ်များ တားမြစ်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ၎င်းကဆိုသည်။ သီတင်းကျွတ်ကာလမှာ ရွှေဝယ်စုတယ်။ ပွဲလမ်းသဘင်တွေကြောင့် အခုတော့ ရွှေဈေးကဆက်မြင့်နေတော့ ဝယ်သူတွေနည်းတယ်။ စောင့်နေကြတဲ့သဘောပေါ့ဟု ရွှေဝယ်ရောင်း လုပ်ကိုင်သူ ဦးမင်းမင်းကပြောသည်။ ရွှေဈေးကွက်တွင် အခေါက်ရွှေဖြစ်သည့် ရွှေတုံး ရွှေခဲများအဝယ်နည်းနေသော်လည်း လက်ဝတ်ရတနာအရောင်းအဝယ်အနည်းငယ်ဖြစ်နေသည်ဟု ရွှေဆိုင်လုပ်ငန်းရှင်များကဆိုသည်။

ပြည်တွင်းရွှေဈေးသည် စက်တင်ဘာ ၅ ရက်တွင် အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၃၀၇၀၀၀ အထိ မြင့်တက်ပြီး ဈေးကွက်၌ စံချိန်သစ်တင်ခဲ့သည်။ ကောလာဟလသတင်းများ၊ ရွှေအလုအယက်ဝယ်ယူမှုများကြောင့် ရွှေဈေးမြင့်တက်ခြင်းဖြစ်ပြီး ရွှေဈေးမကစားရန် လုပ်ငန်းရှင်များအသင်းက ဝင်ရောက်ထိန်းညှိခဲ့ရသည်။

**Source:** https://7daydaily.com/story/167413

## ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး ခြံငယ်ရှင်များကိုကူညီရန် ဝန်ကြီးတိုက်တွန်း



မြန်မာနိုင်ငံ ရော်ဘာစိုက်ဧကစုစုပေါင်းတွင် ဧက၂၀အောက်ပိုင်ဆိုင်သော ခြံငယ်ရှင် Smallholder များ၏ ပါဝင်မှုက ၉၀ ရာခိုင်နှုန်းခန့်အထိရှိနေသောကြောင့် နိုင်ငံ၏ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါခြံငယ်ရှင်များကို အကူအညီအထောက်အပံ့များပေးရန် လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူကပြောသည်။ ခြံငယ်ရှင်တွေရဲ့ကဏ္ဍဟာ စိုက်ဧရိယာအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို နေရာယူထားတဲ့အတွက် ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး ခြံငယ်ရှင်များရဲ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အဓိကထားဆောင်ရွက်ဖို့ အရေးကြီးပါတယ်ဟု နေပြည်တော်တွင် စက်တင်ဘာ ၃၀ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာရော်ဘာညီလာခံတွင် ၎င်းက တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရော်ဘာသည် ကိုလိုနီခေတ်ဦးပိုင်းကာလ ၁၈၇၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ၁၉၀၀ ပြည့်နှစ်ခန့်မှစတင်ကာ စီးပွားဖြစ်စိုက်ပျိုးလာခဲ့ခြင်း ဖြစ်သည်။ စီးပွားဖြစ်စိုက်ပျိုးလာခဲ့သောကြောင့် ထိုနှစ်များက ဧကတစ်သောင်းခန့်သာရှိခဲ့သော်လည်း ၁၉၄၂ ခုနှစ်တွင် စိုက်ဧက တစ်သိန်းကျော်အထိ တိုးတက်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ရော်ဘာခြံများပျက်စီးခဲ့ခြင်းနှင့် ရော်ဘာဈေးနှုန်းကျဆင်းခြင်းများကြောင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းမှာ မှေးမှိန်ခဲ့သည်။ ၁၉၅၆ခုနှစ်တွင်မူ မြေယာကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက ရော်ဘာလုပ်ငန်းကိုတာဝန်ယူခဲ့သဖြင့် ရော်ဘာလုပ်ငန်းလည်း ပြန်လည်ဖွံ့ဖြိုးလာပြီး ၁၉၆၂-၁၉၆၃တွင် ဧကနှစ်သိန်းနီးပါးအထိ စိုက်ပျိုးလာနိုင်ကြောင်း ဝန်ကြီးကဆိုသည်။ ယင်းနောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် မြေလွတ်မြေလပ်မြေရိုင်းများ၌ ရော်ဘာနှင့်ဆီအုန်းကဲ့သို့သောနှစ်ရှည်ပင်များ စိုက်ပျိုးခွင့်ပြုခဲ့ရာ ရော်ဘာစိုက်ဧကမြောက်များစွာတိုးလာပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စိုက်ဧက ၁ ဒသမ ၆၂ သန်းအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အဆိုပါ စိုက်ဧကတွင် ခြံရှင်ငယ်များ၏ ပါဝင်မှုက ၉၀ ရာခိုင်နှုန်းကျော်အထိ ရှိနေရာ ၎င်းတို့ကို ကူညီပေးရန်လိုအပ်လျက်ရှိသည်။ Smallholder များအတွက် လိုအပ်တဲ့အကူအညီအထောက်အပံ့များ၊ သင်တန်းများ၊ နည်းပညာများဖြန့်ဝေပေးခြင်း၊ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း စတဲ့လိုအပ်ချက်တွေကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်သွားဖို့ တိုက်တွန်းလိုပါတယ်ဟု ဝန်ကြီးကပြောသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဘုတ်အဖွဲ့(International Rubber Research and Development Board-IRRDB)သို့လည်း အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးဖြစ်ရာ အဆိုပါအဖွဲ့အနေဖြင့်လည်း

ခြင်ယပ်ရှင်များအတွက် ကူညီရန် ဆက်လက်ပြောကြားသွားသည်။ မြန်မာနိုင်ငံတွင် ရော်ဘာကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသကဲ့သို့ အခြားသောတိုင်း/ပြည်နယ် ခုနစ်ခုတွင်လည်း စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှလွဲ၍ ကျန်ဒေသများတွင် စိုက်ပျိုးနိုင်သောကြောင့် ရော်ဘာတိုးချဲ့ စိုက်ပျိုးပြီး ပြည်တွင်းတာယာလိုအပ်ချက်ကို ဖြည့်ဆည်းရန်လည်း ဝန်ကြီးကတိုက်တွန်းခဲ့သည်။ တာယာလိုအပ်ချက် ကြီးမား လာတဲ့အလျောက် မိမိနိုင်ငံအတွင်း လုံလောက်စွာထုတ်လုပ်ခြင်းအားဖြင့် သွင်းကုန်တန်ဖိုးလျှော့ချနိုင်တဲ့အပြင် ဈေးကွက်နဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

**Source:** https://myanmar.mmtimes.com/news/129042.html

## ရွှေဘိုပေါ်ဆန်းကို(GI )ထုတ်ကုန်အဖြစ် သတ်မှတ်ရန် Food Safety အသိအမှတ်ပြုလက်မှတ်လိုအပ်




ရွှေဘိုပေါ်ဆန်းကို မြန်မာနိုင်ငံ၏ ပထမဆုံးပထဝီဒေသဆိုင်ရာ ညွှန်းကိန်း Geographical Indications (GI) ထုတ်ကုန်အဖြစ် သတ်မှတ်နိုင်ရန်အတွက် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ Food Safety အသိအမှတ်ပြု လက်မှတ်များရယူရန် လိုအပ်မည်ဖြစ်ကြောင်း ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ဗဟို)မှ ဥက္ကဋ္ဌ ဦးကျော်သူသောင်းစိန်ကပြောသည်။ အဆိုပါကိစ္စအတွက် စိုက်ပျိုးရေး တောင်သူများအနေဖြင့် ကောင်းမွန်သည့် စိုက်ပျိုးနည်းကျင့်စဉ် Good Agriculture Practices (GAP) စနစ်သို့ ကူးပြောင်းရန်လိုအပ်မည်ဖြစ်ပြီး၊ ဆန်စက်လုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာ့အသိအမှတ်ပြု ကောင်းမွန်သောကုန်ထုတ်လုပ်မှုဆိုင်ရာ အသိအမှတ်ပြု လက်မှတ် (HACCP)နှင့် ကောင်းမွန်သော ကုန်ထုတ်လုပ်မှုကျင့်စဉ် (GMP) လက်မှတ်များရယူရန် လိုအပ်မည်ဟုဆိုသည်။ ယင်းနှင့်ပတ်သက်၍ ရွှေဘိုခရိုင်အတွင်းရှိ တောင်သူများ ၊ ဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ပညာပေးဆွေးနွေး ပွဲများ ပြုလုပ်ပေးနေကြောင်း ယင်းအသင်းမှသိရသည်။ ကျွန်တော်တို့အသင်းကော၊ ဆန်စက်အသင်းကော ၊ အစိုးရပိုင်းကော ပူးပေါင်း ပြီးတော့ ခုရွှေဘိုခရိုင်အတွင်းမှာ တောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေလုပ်နေပါတယ်။။ ကျန်တဲ့ဒေသတွေကိုလဲ ဆက်လုပ် သွားဖို့ စီစဉ်နေပါတယ်ဟု ဦးကျော်သူသောင်းစိန်ကဆိုသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ဒေသထွက်ကုန်များ၏ ပထဝီဒေသဆိုင်ရာအညွှန်း (GI) စာရင်းတွင် ရွှေဘိုပေါ်ဆန်းကို ကနဦး ပါဝင်ခွင့်ရရှိရန် AFD ၏ အဓိကပံ့ပိုးပေးမှုဖြင့် ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် ည်းပညာဝန်ကြီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ ပူးပေါင်းအကောင် အထည်ဖော်နေခြင်းဖြစ်သည်။ ရွှေဘိုပေါ်ဆန်းကို မြန်မာနိုင်ငံ၏ ပထမဆုံး GI ထွက်ကုန်အဖြစ် သတ်မှတ်နိုင်ရန် အချိန်အားဖြင့် သုံးနှစ်ခန့်ကြာမြင့်မည်ဖြစ်ပြီး၊ Third Party အဖွဲ့မှ လာမည့်လအနည်းငယ်အတွင်း လာရောက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ တစ်နှစ်ပြီးတိုင်း၊ ပြီးတိုင်းမှာ သူတို့က Record လုပ်မှာ၊ ရွှေလိုပေါ်ဆန်းမွှေး အရည်အသွေးပြောင်းလဲမှုမရှိဘူး ဆိုရင်တော့ GI အဖြစ် ကျွန်တော်တို့ မှတ်ပုံတင်လို့ရပါပြီဟု ဦးကျော်သူသောင်းစိန်က ဆက်လက်ပြောဆိုသည်။ ပထဝီဒေသ ဆိုင်ရာညွှန်းကိန်း Geographical Indications (GI)ရရှိပါက ရွှေဘိုပေါ်ဆန်းကို မြန်မာ့မျိုးရင်းအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပြီး၊ လက်ရှိတွင် ရွှေဘိုပေါ်ဆန်းအပြင် သနပ်ခါး၊ သရက်သီးနှင့် ပုသိမ်ထီးတို့ကိုလည်း GI စာရင်းဝင်ရန် ကြိုးပမ်းဆောင်ရွက် နေကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/60970

## မြန်မာက တစ်သျှူးငှက်ပျော တရားဝင်တင်သွင်းရန် တရုတ်ပညာရှင်များလာရောက်လေ့လာမည်




မြန်မာနိုင်ငံက တစ်သျှူး ငှက်ပျောများကို တရားဝင်တင်သွင်းရန် အဆင်ပြေ၊မပြေ သိနိုင်ရေးအတွက် တရုတ်ပညာရှင်များက အောက်တိုဘာလအတွင်း လာရောက်လေ့လာ စစ်ဆေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။ မြန်မာနိုင်ငံက တရုတ်သို့ တရားဝင်တင်ပို့ခွင့်ရရန် တစ်သျှူးငှက်ပျော၊ နာနတ်သီး၊ သံပရာသီး၊ ထောပတ်၊ ကျွဲကောသီးစသည့်ငါးမျိုးကို အဆိုပြုထားသည်။ ထို့ကြောင့် တရုတ်နိုင်ငံက တစ်သျှူးငှက်ပျောကို လာရောက်လေ့လာမည်ဖြစ်သည်။ တရုတ်က တစ်သျှူးငှက်ပျောနဲ့ ပတ်သက်တဲ့မေးခွန်းအချက်အလက်တွေ ပြန်ပို့လာတာရှိတယ်။ ပိုးမွှားကိစ္စကအစပါတယ်။ ဒါတွေလည်း ဖြေပြီးတော့ ပြန်ပို့လိုက်ပြီ။ ကျွန်တော်တို့ စစ်ဆေးချက်အရ တစ်သျှူးငှက်ပျောမှာ ပိုးခုနစ်မျိုးတွေ့ထားတယ်။ ခုနစ်မျိုးမှာ ဒီဘက်က ဘယ်လိုကာကွယ်ထားလဲ။ ရောဂါပိုးလုံခြုံစိတ်ချရအောင် ဘယ်လိုဆောင်ရွက်ထားလဲဆိုတာကို တရုတ်ဘက်က ပညာရှင်တွေ လာစစ်မယ်။ စစ်ဆေးပြီးတော့ တရုတ်ဘက်က လက်ခံတယ်ဆိုရင်တင်သွင်းခွင့်ပြုသွားမယ့် အနေအထားဖြစ်သွားမှာပေါ့ဟု ၎င်းက ပြောကြားသည်။

လက်ရှိတွင် ဖရဲနှင့်သခွားတို့ကို တရုတ်သို့ တရားဝင်တင်ပို့ခွင့်ရရှိထားသော်လည်း ပိုးမွှားရောဂါနှင့်ပတ်သက်၍ စစ်ဆေးပြီးမှသာ ခွင့်ပြုခြင်းဖြစ်ပြီး နယ်စပ်ထွက်ပေါက်တိုင်းကို ခွင့်ပြုထားခြင်းမျိုးမဟုတ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ အလားတူ တရုတ်သို့ကုန်ပစ္စည်းတင်ပို့ရာတွင် နောက်ပိုင်း၌ တရုတ်နိုင်ငံ၏မူဝါဒအပြောင်းအလဲများကို လိုက်လံဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကြိုးစားနေကြောင်းသိရသည်။ တစ်သျှူးငှက်ပျောကို ကချင်ပြည်နယ်ရှိ ဗိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ ဒွေ့ဖုန်းယန်းမြို့နယ်တို့တွင် အများအပြား စိုက်ပျိုးထားပြီး စိုက်ဧက အတိအကျကို အစိုးရက တိုင်းတာထားခြင်းမရှိသော်လည်းဒေသခံများ ပြောကြားချက်အရ ဧကသိန်းချီရှိနေကြောင်းသိရသည်။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်းက ဗိုင်းမော်မြို့နယ်ရှိ သစ်တောဦးစီးဌာနပိုင်ဧရိယာတွင် တရားမဝင်စိုက်ပျိုးထားသော တစ်သျှူးငှက်ပျော စိုက်ခင်းဧက ၅၄၀၀၀ ကျော်ကို သစ်တောဦးစီးဌာနက ယာဉ်ယန္တရားများဖြင့်ဖျက်ဆီးခဲ့ရဖူးသည်။

**Source:**facebook.com/thefarmermedia/photos/a.301081060006087/2488056507975187/? Type=3&theater

## ဖရဲနှင့်သခွားအတွက် ပို့ကုန်မဟာဗျူဟာ စတင်ရေးဆွဲ




ပြည်ပတင်ပို့မှု ပိုမိုမြင့်မားလာစေရေးအတွက် ဖရဲနှင့်သခွားမွေး သီးနှံများအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာတွင်ပါဝင်မည့် အစီအစဉ်များကို စတင်ရေးဆွဲနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ မြန်မာနိုင်ငံကထွက်ရှိသည့် သစ်သီးဝလံများအနက် ဖရဲသီးနှင့်သခွားမွေး သီးနှံများမှာ ပြည်ပသို့ နှစ်စဉ်တင်ပို့နေရပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်သဖြင့် ဖရဲ၊ သခွားသီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့သူများ ပိုမိုအဆင်ပြေစေရန် အမျိုးသား ပို့ကုန်မဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲခြင်းဖြစ်သည်။ စက်တင်ဘာ ၂၅ ရက်က နေပြည်တော် မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး အမျိုးသားပို့ကုန်မဟာဗျူဟာရေးဆွဲရေးအတွက် ဒီဇိုင်းရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်သည်။ နိုဝင်ဘာလက စ၍ အဆိုပါဖရဲသခွားမွေး အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့ ဖရဲ၊ သခွားမွေးဟာဆိုရင် ပို့ကုန်မှာ နှစ်စဉ်ပြည်ပကို ဖရဲတန်ချိန် ရှစ်သိန်းကျော်ထိ တင်ပို့နေရပြီး သခွားမွေးက တန်ချိန်တစ်သိန်းခွဲလောက် တင်ပို့နေရတဲ့အတွက် နိုင်ငံခြားဝင်ငွေလည်း ရှာပေးတဲ့ နံပါတ်တစ် သစ်သီးဝလံဖြစ်ပါတယ်။ ဖရဲက နံပါတ်တစ်၊ သခွားမွေးက နံပါတ်နှစ်ပေါ့။ ဒါကြောင့် ဒီဖရဲ၊ သခွားမွေးကို ပို့ကုန်မဟာဗျူဟာရေးဆွဲပြီး စနစ်တကျ ပြုလုပ်မှ ပိုအဆင်ပြေပြီး နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုရှာပေးနိုင်မှာဖြစ်ပါတယ်။ ဒီနေ့မှာ ပို့ကုန်မဟာဗျူဟာအတွက် ဒီဇိုင်းရေးဆွဲဖို့ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်တာပါဟု ဦးနိုင်ဝင်းကပြောသည်။

ဖရဲ၊ သခွားမွေး သီးနှံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချရာတွင် စားသုံးသူများအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝ

သော သီးနှံများဖြစ်ပေါ်လာစေရေး ဆောင်ရွက်နိုင်ရန်၊ ဖရဲ၊ သခွားမွေးသီးနှံထုတ်လုပ်ခြင်း၊ ထုပ်ပိုးပြင်ဆင်ခြင်းနှင့်တင်ပို့ရောင်းချခြင်းအဆင့်ဆင့်တို့တွင် ကောင်းမွန်သော နည်းစနစ်များ ပိုမိုကျင့်သုံးလာကာ အလားအလာကောင်းမွန်ပြီး တည်ငြိမ်သည့် ဈေးကွက်ရရှိလာစေရန်နှင့် နိုင်ငံခြားဝင်ငွေတိုးတက်လာစေရန်ရည်ရွယ်၍ ရေးဆွဲဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိကတော့ တရုတ်ကိုအများဆုံးပို့နိုင်တယ်။ ဟောင်ကောင်ကို နည်းနည်း၊ စင်ကာပူကိုနည်းနည်းပို့နိုင်တယ်။ တခြား ဒူဘိုင်းတို့၊ ဘာတို့ကိုပို့နိုင်ရင်တော့ အင်မတန်ကောင်းတာပေါ့။ ဒါကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကို အကူအညီတောင်းညှိနှိုင်းတိုင်ပင်ပြီး ဖရဲ၊ သခွားမွေးအတွက် တခြားဈေးကွက်တွေ ထပ်ရှာဖို့ အစီအစဉ်ရှိပါတယ်။ ဈေးကွက်တွေ့တာ၊ မတွေ့တာကအမှာပေါ်မှာလည်း မူတည်တာပေါ့။ ဒီကပို့ဖို့ကတော့ ဖရဲရော သခွားမွေးတွေက အဆင်သင့်ရှိပါတယ်။ မြန်မာ့ဖရဲ၊ သခွားမွေးအရည်အသွေးမီအောင်လည်း ပြည်ပအကူအညီနဲ့ ဂျီအေပီသင်တန်းတွေ တောင်သူတွေကို ပေးနေပါတယ်ဟု ၎င်းက ဆက်လက်ပြောသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2488050204642484/ ?type=3&theater

## အင်းလေးကန်ထွက်ခရမ်းချဉ်သီး ဈေးနှုန်းကောင်းသော်လည်း အထွက်နှုန်းလျော့နည်းကျဆင်းပြီး အပင်သက်တမ်းတိုသဖြင့် အရှုံးပေါ်မည်ကို တောင်သူများစိုးရိမ်နေ



ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးကန်ထွက် ခရမ်းချဉ်သီး ဈေးနှုန်းကောင်းသော်လည်း အထွက်နှုန်းလျော့နည်း ကျဆင်းပြီး အပင်သက်တမ်းတိုခဲ့သဖြင့် အရှုံးပေါ်မည်ကို ကျွန်းမျော စိုက်တောင်သူများ စိုးရိမ်နေကြောင်း စက်တင်ဘာ ၂၉ ရက်တွင် သတင်းရရှိသည်။ ညောင်ရွှေမြို့နယ် အင်းလေးကန်တွင် ကျွန်းမျောဖြင့်စိုက်ပျိုးသော အင်းသီး(ခေါ်) ခရမ်းချဉ်သီး တစ်တင်း လျှင် ကျပ် ၂၅၀၀၀ အထိ ဈေးနှုန်းကောင်းခဲ့ပေမယ့် အထွက်နှုန်း တစ်ဝက်ခန့်လျော့နည်းသည့်အပြင် အပင်သက်တမ်းတိုခဲ့သဖြင့် ကျွန်းမျောစိုက်တောင်သူများအနေဖြင့် အရှုံးပေါ်မည်ကို စိုးရိမ်နေကြောင်း မိုင်းသောက်အင်းတွင် စိုက်ပျိုးကြသော စိုက်တောင်သူများကပြောကြားသည်။

ယခုရာသီသည် ခရမ်းချဉ်သီး တချို့တစ်ဝက် ခူးဆွတ်ခဲ့ကြပြီး တချို့မှာ ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်နေသော အချိန်လည်း ဖြစ်ပါကြောင်း၊ ခရမ်းချဉ်သီးဈေးကောင်းပေမယ့်အထွက်နှုန်း လျော့နည်းကျဆင်းခဲ့ရသဖြင့် တွက်ခြေမကိုက်ကြောင်း တောင်သူများကဆိုသည်။ အင်းထဲ ဒီနှစ်ရော မနှစ်ကရော ထွက်နှုန်းတအားလျော့တယ်။ ရာသီဥတုတွေ ဘယ်လိုတုန်းမသိဘူး။ မိုးတွေတအားများလို့ အသီးအထွက်နှုန်းတွေ လျော့တာထင်တယ်။ အရင်တုန်းကဆိုရင် ကျွန်းမျောတွေ ၁၂ ပတ် ၁၃ ပတ်လောက် ခူးဆွတ်ခွင့်ရတယ်။ ဒီနှစ်မှာတော့ ငါးပတ်ခြောက်ပတ်လောက် မနည်းရုန်းကန်ပြီးတော့ ခူးနေရတယ်။ အင်းထဲမှာရှိသမျှအားလုံးပဲဖြစ်နေတယ်ဟု မိုင်းသောက်အင်းတွင်နေထိုင်သော စိုက်တောင်သူ ဦးကျော်ထွေးကပြောကြားသည်။ ဒီနှစ်ခရမ်းချဉ်သီးဈေးကောင်းပေမယ့် အထွက်နှုန်းမှာတော့ တစ်ဝက်ထက်မက လျော့ကျသွားတယ်။ အခု ကျွန်းမျော အလန် ၆၀၀ လောက်ဆိုရင် အများဆုံး ၃၀ ပတ်ဝန်းကျင်လောက်ပဲထွက်တယ်။ ပုံမှန်ဆိုရင် အလန် ၆၀၀ လောက်ဆိုရင် အချိန် ၁၀၀ နဲ့ ၁၂၀ လောက်ထွက်နေတာ၊ လေးပတ်လောက်ဆိုရင် အဲဒီလောက်ထွက်တယ်။ မိုးများလို့လားမသိဘူး။ အထွက်နှုန်း တော်တော်လေးကျတာ သုံးချိုးတစ်ချိုးပဲထွက်တယ်။ ဈေးကောင်းနေလို့၊ မကောင်းဘူးဆိုရင် ခရမ်းချဉ်တောင်သူတွေက ဒီနှစ်လဲအရှုံးပေါ်မှာပဲ။ အခု ဈေးကောင်းနေတော့ အမြတ်တော့သိပ်မရဘူးပေ့ါ။ အရင်းမရှုံးရုံတမယ်ပဲ ဘာလို့ဆို ကူလီခ ဈေးကြီးတာရယ်။ မြေဩဇာတွေ ဈေးကြီးမြင့်တက်နေတာရယ်ပေ့ါ။ စရိတ်စကတွေထည့်တွက်ရင် သိပ်မကျန်ဘူး။ တော်တော်များများ အထွက်နှုန်းနည်းတယ်။ နောက်ပြီးရင် လယ်ကွက်တွေ အပင်ကိုကိုက်ဖြတ်လိုက်တာလေ။ အပင်တွေလဲ ပြတ်ကျတယ်။ နောက်ပြီး ဒေါင်းမြီးကွက်မှိုတွေလည်းတော်တော်ကျတယ်။ ဖားဥမှိုတွေကျတော့ မိုးတအားများတော့ ဖားဥမှိုတွေကျတော့ ပွင့်ခိုင်တွေ ပြတ်ကျသွားကုန်တာလေ။ ထိလိုက်ရင် အကုန်လုံးကြွေ ကျသွားကုန်တော့တာပဲ၊ ဆေးတွေလည်း မနိုင်ဘူး။ နေပူချိန်မြင့်ချိန် မိုးရုတ်တရက်ရွာချလိုက်တော့ ဖားဥမှိုတွေ တောက်လျှောက်စွဲကပ်လာတာပဲ။ ရာသီတစ်ဝက်ချိုး

ရောက်လာပြီပေါ့။ ကျွန်တော်ဆိုရင် စိုက်ပျိုးရေးစီမံကိန်းနဲ့ GAP စိုက်တယ်။ ဓာတုစိုက်သမားတွေထက်စာရင် ပိုပြီးတော့ အထွက်နှုန်းလျော့ကျတာပေါ့။ ဓာတုပစ္စည်းတွေ အတတ်နိုင်ဆုံးလျော့ပြီးသုံးကြတာလေ။ တစ်ဝက်လောက်ကိုလျော့ပြီး သုံးထားတယ်ဟု မိုင်းသောက်ဒေသခံ စိုက်တောင်သူဦးနိုင်ဝင်းကပြောကြားသည်။

**Source:** https://news-eleven.com/article/137665

## အိန္ဒိယအစိုးရ၏ ပဲမှုဝါဒအသစ်အပေါ် မြန်မာကုန်သည်များစောင့်ကြည့်နေ

အိန္ဒိယအစိုးရက အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ပဲတင်သွင်းခွင့်ပြုထားခြင်းကြောင့် ထိုကာလကျော်လွန်ပါက မြန်မာ့ပဲမျိုးစုံတင်ပို့ခွင့် ဆက်လက်ရှိ၊ မရှိ ဈေးကွက်စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အဓိကအရေးကြီးဆုံးက ပဲလိုအပ်ချက်ရှိဖို့ပါပဲ။ ပဲက အိန္ဒိယတစ်ခုတည်း ဝယ်တာမဟုတ်တဲ့အတွက် တစ်ခြားနိုင်ငံတွေကတော့ အဝယ်ရှိနေဦးမှာပဲ။ ဒါပေမယ့် အိန္ဒိကလည်း ထပ်ပြီးတော့ လိုအပ်ချက်ရှိလာခဲ့ရင်တော့ တစ်ခြားနည်းတွေနဲ့ ဝယ်တာလည်းမြင်ရဦးမှာပါ။ အောက်တိုဘာ ၃၁ ရက် ဆိုတာကတော့ ရက်သတ်မှတ်ချက်တစ်ခုပါပဲ။ ဒီနောက်မှာ ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရဦးမှာပဲ။ အစိုးရက သူ့နိုင်ငံ အကျိုးစီးပွားအတွက် ကိုတာစနစ်နဲ့လုပ်တယ်။ ကိုတာစနစ်မှာမှထပ်ပြီးတာ့ ဘယ်ကာလအတွင်းမှာ အပြီးပို့ရမယ်ဆိုတာ သတ်မှတ်လိုက်တယ်ဟု ၎င်းကပြောသည်။

အိန္ဒိယသို့ မြန်မာ့ပဲတင်သွင်းခွင့် တစ်လခန့်လို၍ လက်ရှိပဲဈေးကွက်အတွင်း ဈေးနှုန်းများ မြင့်တက်လာလျက် ရှိကြောင်း သိရသည်။ သို့သော် အိန္ဒိယအစိုးရ၏ ပဲမှုဝါဒအသစ် အပြောင်းအလဲသည် မည်သို့ဖြစ်လာမည်ကို မခန့်မှန်းနိုင်သေး၍ လာမည့်မိုးစပါးအပြီး စိုက်ပျိုးမည့်မတ်ပဲကို လျော့ချစိုက် သင့်၊ မသင့်ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆွေး နွေးလျက်ရှိကြောင်းသိရသည်။ မတ်ပဲလျှော့ချစိုက်ရေး၊ မစိုက်ရေးကတော့ လက်ရှိထိတော့ ပညာရှင်တွေနဲ့ သုံးသပ်နေတုန်းပဲ။ စီးပွားကူးသန်းဘက်ကနေ ဒါနဲ့ပတ်သက်လို့ တရားဝင်ထွက်တာတော့မရှိသေးဘူး။ အရေးကြီးဆုံးကတော့ အိန္ဒိယအစိုးရက ကိုတာစနစ်ကို ဆက်လက်ကျင့်သုံးဦးမယ်လို့ ယူဆထားတယ်။ ဆက်ကျင့်သုံးရင် မတ်ပဲနဲ့ပဲစင်းငုံကို လျှော့ချစိုက်ဖို့ သင့်တယ်။ လျော့ချစိုက်ရေး၊ မစိုက်ရေးက အခုထိတော့ ဆွေးနွေးနေတုန်းဖြစ်လို့ ကြေညာချက်မထုတ်သေးတာပါဟု ဦးမင်ကိုဦးက ဆက်လက်ပြောသည်။

ယခု တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများအရ မတ်ပဲ (အဟောင်း) တစ်တန်လျှင် ကန်ဒေါ် လာ ၄၇၀ မှ ၄၉၀၊ မတ်ပဲအခွံ့ချွတ်(အလုံးခြမ်း) တစ်တန်လျှင် ကန်ဒေါ်လာ ၆၇၅ မှ ၇၀၀ ကြား၊ မတ်ပဲအခွံပါ (အခြမ်း) တစ်တန်လျှင် ကန်ဒေါ်လာ ၅၉၀ မှ ၆၁၀ ကြား၊ ပဲတီစိမ်း(အညာ) တစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၈၀၀ ကြား၊ ပဲတီစိမ်း(ပခုက္ကူ) တစ်တန်လျှင် ကန်ဒေါ်လာ ၇၅၀ မှ ၈၃၀ ကြား၊ ရွှေဝါ(အကြီး) တစ်တန်လျှင် ကန် ဒေါ်လာ ၉၅၀ မှ ၁,၀၀၀ ကြား၊ ရွှေဝါအခွံချွတ် (အလုံးကြီးအခြမ်း) တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀၀ မှ ၁၀၃၀ ကြားရှိနေသည်။ ပဲစင်းငုံ(အသစ်) အနီ တစ်တန်လျှင် ၆၂၀ မှ ၆၆၀ ကြား၊ အဖြူ တစ်တန်လျှင် ကန်ဒေါ်လာ ၆၁၀ မှ ၆၃၀ ကြား၊ ပဲစင်းငုံ (အဟောင်း) အနီ တစ်တန်လျှင် ကန်ဒေါ်လာ ၅၆၀ မှ ၅၈၀ ကြား၊ အဖြူ တစ်တန်လျှင် ကန်ဒေါ်လာ ၅၇၀ မှ ၅၉၀ ကြား အသီးသီး ဈေးရှိနေသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် စက်တင်ဘာအထိ) ပဲမျိုးစုံ တန်ချိန် ၁၁ သိန်း၉ သောင်းကျော် တင်ပို့ထားသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ မတ်ပဲ၊ ပဲတီစိမ်းနှင့်ပဲစင်းငုံ တန်ချိန် ၁၀ သိန်းခန့်တင်ပို့မှုမှ တန်ဖိုးအမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2469845376434277?__tn__=K-R

## ငရုတ်သီးမှည့်အစိုများကိုဝယ်ယူရန် မလေးရှားနိုင်ငံမှကုမ္ပဏီတစ်ခုက ငရုတ်စိုက်တောင်သူများနှင့်စာချုပ်ချုပ်ဆို

မင်းဘူးခရိုင်အတွင်းက ငရုတ်သီးမှည့်အစိုများကိုဝယ်ယူရန် မလေးရှားနိုင်ငံမှကုမ္ပဏီတစ်ခုက ငရုတ်စိုက်တောင်သူများနှင့် ယခုလအစောပိုင်းက စာချုပ်ချုပ်ဆိုထားကြောင်းသိရသည်။ လာမည့် ၂၀၂၀ ပြည့်နှစ် ငရုတ်သီးပေါ်ချိန်ဖြစ်သည့်ဖေဖော်ဝါရီလမှ မေလအထိလေးလထွက်ရှိသော ငရုတ်သီးမှည့်စိုများကို ဝယ်ယူမည်ဖြစ်သည်။ ယခုနှစ်တွင် စတင်စမ်းသပ်ပြုလုပ်ခြင်းဖြစ်ပြီး အဆင်ပြေပါက နောင်တွင်လည်း ဆက်လက်ဝယ်ယူရန် အစီအစဉ်ရှိကြောင်းသိရသည်။ မလေးရှားနိုင်ငံက တိုက်ရိုက်ဝယ်ယူမည့်ကုမ္ပဏီနှင့် ငရုတ်စိုက်တောင်သူများ တိုက်ရိုက်ရောင်းချနိုင်ရေးအတွက် မင်းဘူးမြို့မှ သိန်းစိုးအောင်စိုက်ပျိုးရေး မျိုးစေ့အရောင်းဆိုင်ပိုင်ရှင် ဦးသိန်းဝင်းက ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ မလေးရှားကုမ္ပဏီအတွက် စိုက်ပျိုးရမည့် ငရုတ်မျိုးများမှာ မိုးတောင့် TONGLA 692 F1 ငရုတ်မျိုးနှင့် အောက်ဆွဲပဒေသာ PADAY THAR F1 တို့ဖြစ်သည်။ တောင်သူ

တစ်ဦးလျှင် ပိဿာ ၁၀၀၀ ကို တစ်ပိဿာလျှင် ကျပ် ၁၁၅၀ ဖြင့် ရောင်းချပေးရန် စာချုပ်ချုပ်ဆိုခြင်းဖြစ်ပြီး ပိဿာ ၁၀၀၀ အထက်ထွက်ရှိလာသော ငရုတ်သီးမှည့်စိုများကို ပြင်ပပေါက်ဈေးအတိုင်း ထွက်သလောက်ဝယ်ယူမည်ဖြစ်ကြောင်း ချိတ်ဆက်ပေးသူ ဦးသိန်းဝင်းကပြောသည်။ ငရုတ်စိုက်တောင်သူတွေမှာ ငရုတ်သီးက အစိမ်း၊ မှည့်စို၊ အခြောက်ဆိုပြီး သုံးမျိုးရှိတယ်။ ငရုတ်ဈေးက တက်လိုက်၊ ပျောက်သွားလိုက်၊ ကျသွားလိုက်ဖြစ်နေတယ်။ ခိုင်မာတဲ့ဈေးကွက် ဖန်တီးပေးနိုင်အောင်လို့ စာချုပ်ချုပ်ပြီး ဈေးကွက်အခိုင်အမာလုပ်ပေးတာဖြစ်ပါတယ်။ နောက်ပြီးတော့ ဒေသအရောက် ကားကြီးဝင်ထွက်သွားလာ လို့ရတဲ့ နေရာအထိ ကုမ္ပဏီကကောက်ပေးမယ်။ တောင်သူတွေသယ်ယူစရိတ်သက်သာအောင်လုပ်ပေးမှာဖြစ်ပါတယ်ဟု ဦးသိန်းဝင်းကပြောသည်။ မင်းဘူးမြို့နယ်၊ သီးကုန်းကျေးရွာ၊ပွင့်ဖြူမြို့နယ်မှ ပင်းတော၊ မုန်းမြေ၊ သရက်တောကျေးရွာများနှင့် စလင်းမြို့နယ်၊ ဖောင်းလင်းကျေးရွာမှ ငရုတ်စိုက်တောင်သူများကတောင်သူတစ်ဦးလျှင် ပိဿာချိန် ၁၀၀၀ စီရောင်းချပေးမည်ဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့ဆီမှာ စီမံကိန်းက နောက်ကျသွားတော့ အခုချိန်မှာ မိုးကသီးခဲ့တဲ့ အောက်ဆွဲဝါသီးတောင်ခူးနေပြီ။ ငရုတ်က စစိုက်တာတော့ ခုနစ်လပိုင်းကနေ စိုက်တယ်။ ဆောင်းသီးက မြစ်ရေကျပြီးမှ ကျွန်းထဲကိုင်းထဲသမားတွေက ငရုတ်ပျိုးထောင်တုန်း တချို့ ရက် ၂၀ ပဲ ရသေးတယ်ဟု မင်းဘူးမြို့နယ်၊ သီးကုန်းကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးတင်အောင်မိုးက ပြောသည်။ မလေးရှားကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခြင်းကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက အကြမ်းဖျင်းသာသိရှိထားပြီး ကုမ္ပဏီနှင့်တောင်သူများ ချုပ်ဆိုထားသည့်စာချုပ်အသေးစိတ်ကို အတိအကျ မသိရှိရသေးကြောင်း တိုင်းညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းကပြောသည်။

**Source:** www.thefarmermedia.com

## ဖျာပုံမြို့နယ်က ထွက်ရှိသည့် ပင်လယ်ငါးစည်ဖောင်းများကို ယခုလအတွင်း ပြည်ပက မှာယူမှုများနေ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ကထွက်ရှိသည့် ပင်လယ်ငါးစည်ဖောင်းများကို ယခုလအတွင်း ပြည်ပကမှာယူမှုများနေပြီး ရောင်းအားများမြင့်တက်လာကြောင်း ဒေသတွင်းငါးစည်ဖောင်းခြောက် ထုတ်လုပ်ရောင်းချသည့် ကုန်သည်များထံမှ သိရသည်။ ဖျာပုံငါးစည်ဖောင်းဈေးကွက်ကလည်း အခုရက်ပိုင်းအတွင်း အရောင်းအဝယ်တော်တော်လေးတက်နေပါတယ်။ မနှစ်တုန်းကတော့ ရန်ကုန်ဈေးကွက်တစ်ခုတည်းကို အားထားခဲ့ရတာပါ။ ဒီနှစ် စက်တင်ဘာလဆန်းကစတင်ပြီး နိုင်ငံခြားတင်ပို့မှုတွေများလာတော့ ဈေးကွက်တက်လာတဲ့အခြေအနေဖြစ်ပါတယ်ဟု ဖျာပုံမြို့က ငါးစည်ဖောင်းကုန်သည် ဦးမြင့်ကျော်က ပြောသည်။ ဖျာပုံမြို့နယ်ရှိ ငါးစည်ဖောင်းလုပ်ငန်း လုပ်ကိုင်သူများသည် ပင်လယ်ငါးစည်ဖောင်းများကို ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ ငါးနတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်၊ ငါးရွဲ၊ ငါးခတ်ကူစသည့်ငါးများ၏ ဝမ်းဗိုက်ခွဲကာအတွင်းက စည်ဖောင်းများကို အခြောက်ခံပြီး ပလတ်စတစ်ဘူးဖြင့်ထည့်ကာ တင်ပို့ရောင်းချကြောင်း ၎င်းလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။ ငါးစည်ဖောင်းများကို ပြည်တွင်းစားသောက်ဆိုင်များ၊ ဟိုတယ်များက ဝယ်ယူကြသလို ဒေသတွင်းမြို့နယ်များ၊ ရန်ကုန်မြို့နှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများကတစ်ဆင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူစသည့်နိုင်ငံများကိုလည်း တင်ပို့ရောင်းချကြကြောင်းသိရသည်။

နိုင်ငံခြားကအထိ ဝယ်လိုအားတွေ တက်လာတော့ လုပ်ငန်းလုပ်ရတာ ဈေးကွက်တွင်ကျယ်လာတယ်လို့ ပြောချင်ပါတယ်။ ခိုင်မာတဲ့ ဈေးကွက်တစ်ခုဖြစ်လာရင်တော့ ဒေသဈေးကွက်နဲ့ယှဉ်တဲ့အခါ ဈေးပိုရတာပေ့ါ။ လက်ရှိ ဈေးကွက်ကျယ်လာပေမယ့် ရောင်းဈေးကတော့ ပုံမှန်ပါပဲ"ဟု ဖျာပုံမြို့က ငါးစည်ဖောင်း ထုတ်လုပ်ရောင်းချသူ ဒေါ်မိုးသူဇာက ပြောသည်။ ဖျာပုံမြို့နယ်တွင် ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀၀၊ ငါးနတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၅၄၀၀၀၊ ငါးရွဲငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၂၉၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀၊ ငါးခတ်ကူငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ပေါက်ဈေးရှိကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## ရေကြောင်းကုန်စည်ပို့ဆောင်မှုများ ထက်ဝက်နီးပါး ကျဆင်းလာ

ရေကြောင်းကုန်စည်ပို့ဆောင်မှုများ ယခင်နှစ်များထက် ထက်ဝက်နီးပါးလျော့နည်းကျဆင်းလာကြောင်း မန္တလေးမြို့ရှိ ကုန်တင်ရေယာဉ်ပိုင်ရှင်များထံမှသိရသည်။ ရေယာဉ်အသွားအလာတွေ ကုန်သယ်ရတဲ့အနေအထားတွေမှာ အဘက်ဘက်က ကျဆင်းနေပါတယ်။ အခုလက်ရှိမှာ ဧရာဝတီဖွံ့ဖြိုးရေးအတွက် ကျောက်စရစ်ခဲတွေ၊ ဘိလပ်မြေစက်ရုံတွေအတွက် ကလေးဝနဲ့ နိုင်ငံခြားကဝယ်ယူထားတဲ့ ကျောက်မီးသွေးတွေ သယ်ယူပို့ပေးရပါတယ်။ ကျောက်မီးသွေးပို့တာက တစ်နှစ်ပတ် လုံး ပို့ရတယ် မရှိပါဘူး။ သူတို့လိုအပ်တဲ့ အချိန်တွေလောက်ပဲပို့ပေးရတယ်ဟု ကုန်တင်ရေယာဉ်ပိုင်ရှင်အသင်း အထွေထွေအတွင်းရေးမှူး ဦးသက်ညိုဝင်းအောင်က ပြောသည်။ယခင်ကသစ်လုံးများကို ရန်ကုန်နှင့်နိုင်ငံခြားသို့ သယ်ယူပို့ဆောင်ရန် သင်္ဘောများ

တိုးဆောက်ခဲ့ရာမှ ယခုအခါ သစ်တောများ မခုတ်ရခြင်း၊ သစ်အလုံးလိုက် ပို့ခွင့်မရှိခြင်းများ ကြောင့် သယ်ယူပို့ဆောင်မှုမရှိခြင်း၊ ယခင်ဖားန့်သို့ ဆီသယ်ပို့ခြင်းသည် ကျောက်စိမ်းတွင်းများ သက်တမ်းကုန်၍ ရပ်နားချိန်ဖြစ်သည့်အတွက် ဆီသယ်မှု နည်းသွားခြင်း၊ စက်သုံးဆီပိုင်ရှင်အချို့သည် သင်္ဘောရေယာဉ်များ တည်ဆောက်လာခြင်းစသည့်အချက်များကြောင့် ကုန်စည် များရှားပါးကာ ယခင်ကတစ်နှစ်လျှင် အစုန်အဆန်ခုနစ်ခေါက်၊ ရှစ်ခေါက်မျှ ပြေးဆွဲနေရသော ရေယာဉ်များသည် ယခုအခါတွင် လေးခေါက်၊ ငါးခေါက်အထိ တစ်ဝက်မျှ လျော့ကျသွားကြောင်း ၎င်းက ဆက်လက်ပြောသည်။ ကုန်စည်တွေကတော့ သိသိ သာသာပါးသွားတယ်။ ရေယာဉ်တွေတော့ အများကြီးပဲ။ ကုန်မရတာတွေ၊ တန်ဆာခဈေးနှုန်းသတ်မှတ်လို့မရတာတွေ၊ ဆိပ်ကမ်းတွေမှာ စနစ်တကျလုပ်ကိုင်မှုမရှိတဲ့ အခက်အခဲတွေကြုံတွေ့နေရတယ်။ အခုတလော ကျောက်၊ သံ၊ ဆီ၊ ဘိလပ်မြေ၊ ကျောက်မီးသွေးစတဲ့ကုန်တွေကို သယ်ပို့ပေးနေရတယ်ဟု မန်းရွှေညွှန့်ရေယာဉ်အုပ်စုသယ်ယူပို့ဆောင်ရေးနှင့် ရွှေညွှန့် သင်္ဘောကျင်းဦးဆောင်သူ ဦးအောင်မျိုးထွန်းကပြောသည်။ ပြည်တွင်းရေကြောင်းကုန်စည်ပို့ဆောင်ရေး၊ ဝန်ဆောင်မှု လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင် ရွက်ရန်၊ နိုင်ငံတော်ကချမှတ်သော စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်ရေယာဉ်ပိုင်ရှင်များ အသင်းကို စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ယာယီ ဖွဲ့စည်းခွင့် လက်မှတ်အမှတ်(၁/၂၀၁၄)ဖြင့် ခွင့်ပြုပေးခဲ့ကာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်တွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်း မှတ်ပုံတင်ခွင့်လိုင်စင်အမှတ် (၁၄၉/ ၂၀၁၆-၂၀၁၇) ရရှိထား၍ အသင်းဝင် ၅၁ဦး၊ ရေယာဉ် ၁၂၅စင်းဖြင့် ဖွဲ့စည်းထားကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ကုန်တင်ယာဉ်များ နွေကာလ ကုန်တင်ဆောင်မှု အောက်တိုဘာ ၁ ရက်မှစ၍ ခွင့်ပြုတန်ချိန်ပြောင်းလဲသတ်မှတ်

ကုန်တင်မော်တော်ယာဉ်များအနေဖြင့် ကုန်တင်ဆောင်ရာတွင် မိုးကာလ ခွင့်ပြုတန်ချိန်မှ နွေကာလ ခွင့်ပြုတန်ချိန်သို့ ပြောင်းလဲသတ်မှတ်မှုကို အောက်တိုဘာ ၁ ရက်မှစတင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ အကြောင်းကြား ထားကြောင်း မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျင်သိန်း၏ ပြောပြ ချက်အရသိရသည်။ ကုန်တင်ယာဉ်ကြီးတွေအနေနဲ့ မိုးတွင်းကာလမှာ ကုန်ဘယ်လောက်ပဲ တင်ရမယ်ဆိုတာမျိုး သတ်မှတ် ထားတာရှိတယ်။ အဲဒီလိုပဲ လာမယ့်နွေကာလမှာလည်း ကုန်ဘယ်လောက်တင်ရမလဲဆိုတဲ့ သတ်မှတ်ချက်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဆိုလိုတာက မိုးကာလထက် နွေကာလမှာ ကုန်တွေပိုပြီးတော့တင်နိုင်မှာဖြစ်ပါတယ်ဟု ဦးကျင်သိန်းကပြောသည်။ ယခုကျင့်သုံးကာ ကုန်တင်ဆောင်မှုလုပ်ဆောင်နေသည့် မိုးကာလသတ်မှတ်ချက်သည် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး နွေကာလအနေဖြင့် အောက်တိုဘာ ၁ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်သည်။

အဆိုပါသတ်မှတ်ချက်အရ ဝင်ရိုးငါးခုပါ ၁၄ ဘီး ကုန်တင်ယာဉ်ကြီးများအနေဖြင့် မိုးတွင်းကာလက တန် ၃၀ သာ တင်ဆောင်ရန် သတ်မှတ်ထားရာမှ ယခုအခါ ၃၁ တန်၊ ဝင်ရိုးလေးခုပါ ၁၄ ဘီး ကုန်တင်ယာဉ်ကြီးများအနေဖြင့် ၃၄ တန်၊ ဝင်ရိုးငါးခုပါ ၁၈ ဘီး ကုန်တင်ယာဉ်ကြီးများ အနေဖြင့် ၄၆ တန်၊ ဝင်ရိုးခြောက်ခုပါ ၂၂ ဘီး ကုန်တင်ယာဉ်ကြီးများအနေဖြင့် ၅၀ ဒသမ ၅ တန်၊ ဝင်ရိုးခြောက်ခုပါ ၂၆ ဘီး (နောက်တွဲပါ) Low Bad ယာဉ်ကြီးများ အနေဖြင့် ၅၅ တန် စသည်ဖြင့် တင်ဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။ နွေကာလကုန်တင်ဆောင်မှု သတ်မှတ်ချက်နှင့်ပတ်သက်၍ လမ်းအသုံးပြုခ ကောက်ခံသော ဂိတ်စခန်းများအပါအဝင် ကုန်တင်ယာဉ်နှင့်သက်ဆိုင်သောအသင်းအဖွဲ့များ၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများအနေဖြင့်လည်းသိရှိစေရန် အကြောင်းကြားမှုများ လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/a9biz/

## ဟသ်ာတမတ်ပဲဈေး အနည်းငယ်ပြန်တက် ပဲတီစိမ်းမျိုး အဝယ်လိုက်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတကုန်စည်ဒိုင်မှာ မတ်ပဲဈေးအနည်းငယ်ပြန်တက်ပြီး ပဲတီစိမ်း အရောင်း အဝယ် ဖြစ်နေတယ်လို့ သိရတယ်။ ဟသ်ာတကုန်စည်ဒိုင်မှာ စက်တင်ဘာလ ပထမအပတ်က မတ်ပဲတစ်တင်း ကျပ် ၂၃၇၀၀ အထိ ကျဆင်းပါတယ်။ ဒုတိယပတ်မှာ ဈေးအနည်းငယ် ပြန်တက်လာတယ်။ စက်တင်ဘာ ၁၂ ရက်မှာ ကျပ် ၂၄၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ ဖွဲနုပေါင် ၇၀ တစ်အိတ်ကို ကျပ် ၁၀၅၀၀ ၊ ပဲငါးပိ (ဆီတိုးလုံးကြီး ) တစ် တင်း ကျပ် ၂၀၀၀၀ ၊ အစေ့ထုတ်ပြောင်း တစ်တင်း ကျပ် ၉၃၀၀ နဲ့ အရောင်းအဝယ် ဖြစ်ပါတယ်။

လာမယ့် သီးထပ်ကာလမှာ စိုက်ပျိုးဖို့ ပဲတီစိမ်းမျိုးကို တောင်သူတွေ အဝယ်လိုက်လာပြီး ပဲတီစိမ်း(ဝါးခယ်မ)မျိုး တစ်

တင်းကို ကျပ် ၄၀၀၀၀ ရှိပါတယ်။ ဟသ်ာတပွဲရုံမှာ ပဲတီစိမ်း (ဆီပြောင်မျိုး)နဲ့ ပဲရင်းမျိုးတွေကို ရန်ကုန် က မှာယူရောင်းချရာမှာ ပဲတီစိမ်း (ဆီပြောင်မျိုး ) ၁၅ ပိဿာ တစ်အိတ်ကို ကျပ် ၃၃၀၀၀၊ ပဲရင်းမျိုး ၁၅ ပိဿာ တစ်အိတ် ကျပ် ၆၀၀၀၀ နဲ့ အ ရောင်းအဝယ်ဖြစ်တယ်လို့ သိရတယ်။

**Source:**https://www.kumudranews.com/news-35367?fbclid=IwAR2BFsvTh3EbGPNegNLo57vCQ218POfquYI3weNAYty3awWTBC6RaGXd5Wc

## STOCK EXCHANGE (1.10.2019)

**(မှတ်ချက်)**

**ယနေ့ အောက်တိုဘာ (၁) ရက်နေ့သည် ဘဏ်ပိတ်ရက်ဖြစ်၍ ဗဟိုဘဏ်ဈေးနှုန်းနှင့် ရန်ကုန်စတော့အိတ်ချိန်း Data မတက်ပါ။**

TIR